တက်ကျသံ၊ နှာသံနှင့် သံရပ်များအားလုံးကို ထည့်သွင်းထားခြင်း မရှိသေးပါ။ ထို့ပြင် အသတ်ရေးထုံးနှင့် ယှဉ်သော အသံများကိုလည်း ဖော်ပြမထားသေးသဖြင့် သရသံအားလုံးကို လွှမ်းခြုံနိုင်သော အရေးအသား မဖြစ်နိုင်သေးပါ။ သို့ဖြစ်ရာ သရသံအားလုံးနှင့်ဆိုင်သောအရေးသင်္ကေတများနှင့် ပတ်သက်၍မူ အထက်တွင် ဖော်ပြခဲ့သည့် သရသံ(၄၇)လုံး ဇယားကို ကြည့်ရှုစေလိုပါသည်။

**အခြေခံသရနှင့် သင်္ကေတပြဇယား**

| သရအက္ခရာ | အ | အာ | ဣ | ဤ | ဥ | ဦ | ဧ | အဲ | ဩ | ဪ | အို |
|---|---|---|---|---|---|---|---|---|---|---|---|
| အသံထွက် | အ | အာ | အိ | အီ | အု | အူ | အေ | အဲ | အော | အော် | အို |
| သင်္ကေတ | - | -ာ<br>-ါ | -ိ | -ီ | -ု | -ူ | ေ- | -ဲ | ေ-ာ<br>ေ-ါ | ေ-ာ်<br>ေ-ါ် | -ို |
| တွဲပုံ(ဥပမာ) | ခ | ခါ | ခိ | ခီ | ခု | ခူ | ခေ | ခဲ | ခေါ | ခေါ် | ခို |

**သင်ရိုးသရနှင့် သင်္ကေတပြဇယား**

| သရအက္ခရာ | အ | အာ | ဣ | ဤ | ဥ | ဦ | ဧ | အဲ | ဩ | ဪ | အံ | အား |
|---|---|---|---|---|---|---|---|---|---|---|---|---|
| အသံထွက် | အ | အာ | အိ | အီ | အု | အူ | အေ | အဲ | အော | အော် | အံ | အား |
| သင်္ကေတ | - | -ာ<br>-ါ | -ိ | -ီ | -ု | -ူ | ေ- | -ဲ | ေ-ာ<br>ေ-ါ | ေ-ာ်<br>ေ-ါ် | -ံ | -ား<br>-ါး |
| တွဲပုံ(ဥပမာ) | က | ကာ | ကိ | ကီ | ကု | ကူ | ကေ | ကဲ | ကော | ကော် | ကံ | ကား |

### ၂-၂-၃။ အခြားအရေးသင်္ကေတအမှတ်အသားများ

မြန်မာဘာသာစကား၏ အရေးအသားစနစ်တွင် စာလုံးကြီး၊ စာလုံးသေး၊ ကော်မာစသည်တို့မရှိဘဲ ပုဒ်ဖြတ်ပုဒ်ရပ်အဖြစ် ဖော်ပြရန်အတွက် ပုဒ်ကလေး(တစ်ချောင်းပုဒ်)၊ ပုဒ်မ(နှစ်ချောင်းပုဒ်)တို့ကို အသုံးပြုရသည်။ ပုဒ်ကလေးကို ဝါကျတစ်ခုအတွင်း အရေးပါသောပုဒ်များ မရောထွေးစေရန် ခြားရာ၌ အသုံးပြုပြီး၊ ပုဒ်မကိုမူ ဝါကျဆုံးကြောင်း ဖော်ပြရန်အတွက် အသုံးပြုသည်။ အခြားသင်္ကေတများဖြစ်သော လက်သည်းကွင်း၊ မျဉ်းစောင်း၊ မျဉ်းတို့ကို စာအုပ်တွင် တွေ့ရှိပါကလည်း ကလေးများ သတိပြုမိအောင် ရှင်းပြသင့်ပါသည်။

### ၃။ ဝေါဟာရများ

### ၃-၁။ နေ့စဉ်အသုံးများသော စကားလုံးများ

ကလေးငယ်များကို စာရေးစာဖတ်သင်ကြားရာတွင် ဗျည်း၊ သရ အက္ခရာများကို ခွဲခြားမသင်ကြားမီတွင် စကားလုံးအချို့ကို သင်ကြားနိုင်ပါသည်။ အချို့သော စကားလုံးများကို အမြင်ဖြင့် စွဲသွားအောင် သင်ကြားပေးခြင်းဖြင့် စာရေးစာဖတ် မြန်ဆန်မှန်ကန်စွာ တတ်မြောက်ရေးအတွက် အထောက်အကူဖြစ်ပါသည်။ ထပ်ကာထပ်ကာ မြင်ရတွေ့ရများပြီး အမြင်ဖြင့် မှတ်မိသော စကားလုံးများဖြင့် အမြင်စွဲစကားလုံးများဟုလည်း ခေါ်ပါသည်။ စင်စစ်အားဖြင့် စာရေးစာဖတ်တတ်သည်ဆိုသည်မှာ စကားလုံး အားလုံးနီးပါးလောက်ကို အမြင်စွဲဖြင့် ဖတ်နိုင်ခြင်းဖြစ်သည်။



DBEBOX

အမြင်စွဲဖြင့် စကားလုံးများကို မှတ်သားသိုလှောင်ပုံမှာ ကလေးတစ်ယောက်နှင့်တစ်ယောက် မတူနိုင်ပါ။ တစ်ဦးချင်းစီ ထိတွေ့ရင်းနှီးရသည့် စကားလုံးများအပေါ်တွင် မူတည်ပါသည်။ သူငယ်တန်း ဆရာများကို ကလေးများအမြင်စွဲဖြင့် ဖတ်နိုင်အောင် လုပ်ပေးသင့်ပါသည်။ ယေဘုယျအားဖြင့် အင်္ဂလိပ် ဘာသာစကားတွင် နေ့စဉ်တွေ့ရ ဖတ်ရှုရသည့် စာသားတစ်ပုဒ်အတွင်း (၅၀)%သော စကားလုံးများမှာ အသုံးအများဆုံးစကားလုံး (၁၀၀)အတွင်းတွင် ပါဝင်နေသည်ဟု ဆိုပါသည်။ အဆိုပါစကားလုံး (၁၀၀)ကို အမြင်စွဲအဖြစ် မှတ်သားမိသော ကလေးအနေဖြင့် စာရေးစာဖတ်တတ်မြောက်မှုတွင် ရှေ့သို့ ရောက်နေပြီး ဖြစ်ပါသည်။ သို့ဖြစ်ရာ မြန်မာစကားတွင် အသုံးအများဆုံးသော စကားလုံးများကို ရှာဖွေပြီး အမြင်စွဲဖြင့် သင်ကြားပေးနိုင်ပါသည်။

**အများဆုံးမြင်တွေ့နေကျ အမြင်စွဲ စကားလုံးများ**

၁။ -ရှိတယ်
၂။ -ဖြစ်တယ်
၃။ -လဲ
၄။ -လား
၅။ -မယ်
၆။ -မှာ
၇။ -ပါ
၈။ -နဲ့
၉။ -မလို့
၁၀။ -တယ်
၁၁။ -ဘူး
၁၂။ -ရှိ
၁၃။ -ဒါ
၁၄။ -ပြီ
၁၅။ -ရဲ့
၁၆။ -အုန်း/ဦး
၁၇။ -ပေါ့
၁၈။ -ဟင့်အင်း
၁၉။ -ဆုံး
၂၀။ -က
၂၁။ -လို့ပါ
၂၂။ -ကို
၂၃။ -ဟာ
၂၄။ -လို့
၂၅။ ဒီ/သည်
၂၆။ -ပြီး
၂၇။ -တဲ့-
၂၈။ -ပေမဲ့
၂၉။ -ပဲ
၃၀။ -မ-ဘဲ
၃၁။ -ရင်/လျှင်
၃၂။ -တော့
၃၃။ -တာ
၃၄။ -နော်
၃၅။ -လေ့ရှိ
၃၆။ -ဆိုရင်
၃၇။ -လိုက်
၃၈။ -ဘယ်တော့
၃၉။ -ကျွန်တော်
၄၀။ -ကျွန်မ
၄၁။ -ရေ
၄၂။ -အမေ
၄၃။ -အဖေ
၄၄။ -အစ်မ
၄၅။ -အစ်ကို
၄၆။ -ညီလေး
၄၇။ -ညီမလေး
၄၈။ -သူငယ်တန်း
၄၉။ -ဦးလေး
၅၀။ -အဒေါ်
၅၁။ -မ-ခင်
၅၂။ -ဟုတ်ကဲ့
၅၃။ -သူ
၅၄။ -နင်/ငါ
၅၅။ -လုပ်
၅၆။ -စမ်း
၅၇။ -တုန်း
၅၈။ -ရေး
၅၉။ -ဖတ်
၆၀။ -ပြော
၆၁။ -သွား
၆၂။ -ထိုင်
၆၃။ -ထ
၆၄။ -စား
၆၅။ -ကြည့်
၆၆။ -တွက်
၆၇။ -ပုံဆွဲ
၆၈။ -ပျင်း
၆၉။ -ဆို
၇၀။ -မ
၇၁။ -မောင်
၇၂။ -ဒေါ်
၇၃။ -ဦး
၇၄။ -ဆရာမ
၇၅။ -အဘိုး
၇၆။ -အဘွား
၇၇။ -သမီး
၇၈။ -သား
၇၉။ -စကား
၈၀။ -ငါး
၈၁။ -ဝါး
၈၂။ -နွား
၈၃။ -လျှာ
၈၄။ -နေ
၈၅။ -လူကလေး
၈၆။ -ကလေး
၈၇။ -အသီး
၈၈။ -သစ်ပင်
၈၉။ -ကျောင်း
၉၀။ -ဘယ်/ညာ
၉၁။ -ထီး
၉၂။ -ဖိနပ်
၉၃။ -သောက်
၉၄။ -လို့
၉၅။ -မလို့
၉၆။ -စားပွဲ
၉၇။ -ကုလားထိုင်

DBE BOX